
သက်သက်စိ
အောက်လမ်းပရှညီး
အရောင်းဆိုင်

## အပိုင်း-၁
## တံစူးဝါး အစီအရင်

ကျွန်တော့်နာမည်က နေဝန်း ကျွန်တော်က New Moonဆိုတဲ့ ရှေးဟောင်း ပစ္စည်းအရောင်း ဆိုင်လေးရဲ့ ပိုင်ရှင်ပါ။

ကျွန်တော်တို့ ဆိုင်က ရှေးဟောင်း ပစ္စည်းဆိုင်လို့ အမည်ခံထားပေမဲ့ တကယ်တော့ အောက်လမ်းပညာ အစီအရင်တွေမှာ သုံးတဲ့ ကုန်ကြမ်းတွေ မှောင်ခို ရောင်းတဲ့ ဆိုင်ပါ။ အောက်လမ်းဆရာတွေ လိုချင်တဲ့ ကုန်ကြမ်းပစ္စည်းတွေကိုလဲ ရှာပေးတယ် ရိုးရိုးသာမာန် customerတွေရဲ့ ဖြစ်ချင်တဲ့ ဆန္ဒတွေကိုလဲ တိုင်ပင် ဆွေးနွေးပေးပြီး အစီအရင်တွေလဲ လုပ်ပေးတယ်။

ဒီနေ့က စနေနေ့ နေ့လယ်ဘက် ဝယ်သူပါးနေတာမို့ ပစ္စည်း စာရင်းလေး စစ်ရင်း သတိထားမိတာ ...

ခုတလော ဆိုင်မှာ 'တံစူးဝါး' ပျက်နေတာ ကြာပြီပဲ

အဲဒီပစ္စည်းက အရမ်းတန်ဖိုးကြီးတယ် လက်တစ်ဆစ်စာလောက်ကို ၁၀သိန်းကျော် ရောင်းရတယ် အောက်လမ်းဆရာတွေလဲ အရမ်းလိုချင်ကြတယ် ရှာရတာလဲ ခက်တာကိုး အန္တရာယ်လဲ များ တယ်လေ။ တစ်ချက်မှားတာနဲ့ ထောင်ထဲ ရောက်နိုင်သလို တမလွန်လဲ ရောက်နိုင်တယ်။

ဘာပဲဖြစ်ဖြစ် ပစ္စည်းပြန်တင်နိုင်ဖို့ က အရေးကြီးတယ်။

တံစူးဝါးကို အောက်လမ်းဆရာတွေ နည်းအမျိုးမျိုးနဲ့ အသုံးပြုကြတယ်။ သုံးပုံသုံးနည်းလဲ ကျယ်ပြန့်တယ် အရမ်းလဲ အစွမ်းထက်တယ်။

တံစူးဝါး အကြောင်း စဉ်းစားနေတုံးမှာ ပဲ ဖုန်းက ထမြည်လာတယ် ကြည့်လိုက်တော့ လုပ်ငန်းအတွက် လိုအပ်ရင်သုံးဖို့  ချိပ်ဆက်ထားတဲ့ လူတွေဖြစ်နေတယ်။

"ဟယ်လို ကိုကျော်ကြီး ပြော ... ဘာထူးလို့ လဲ"

"ဆရာ ရန်ကုန်မြို့ပြင်ဘက် ရွာလေးမှာ ဒီနေ့ မိန်းကလေး တစ်ယောက် လောလောလတ်လတ် သေထားတယ် ဆရာတို့ အတွက် အဆင်ပြေလောက်တဲ့ အနေအထားမို့ သတင်းပေးတာပါ"

"ဟုတ်ပြီ မင်းတို့ လူစုလိုက် လိပ်စာနဲ့ အချက်အလက်တွေ ငါ့စီ message ပို့ပေးထား"

"ဒီနေ့သေတာ ဆိုတော့  စနေနေ့မှာ သေတဲ့ အလောင်းပဲ အဆင်ပြေခဲ့ရင် အစွမ်းပိုထက်မှာ အမှန်ပဲ ကိုသိန်းမောင်ကို ဖုန်းဆက်ရမယ်"

သတင်းကြားတာနဲ့ ကိုသိန်းမောင်လဲ ချက်ချင်းပဲ ဆိုင်ကို ရောက်လာတယ်။ ကိုသိန်းမောင် ဆိုတာက ကျွန်တော် လုပ်ငန်း အတွက် ပင်တိုင်ခန့်ထားတဲ့ အောက်လမ်းဆရာပေါ့။ နှစ်ယောက်သား လိုအပ်တာတွေ မြန်မြန်ယူ  တံစူးဝါး အစီအရင်လုပ်ဖို့ အဲဒီရွာကို ထွက်လာခဲ့လိုက်တယ် ဒီလိုအခွင့်အရေးဆိုတာ လွယ်လွယ်မရနိုင်ဘူး မဟုတ်လား။

ကျွန်တော်တို့ ရွာထိပ်ကိုရောက်တော့ ညနေစောင်းပြီ ...

"နေဝန်း ကား ခဏရပ်ဦး ဟိုမှာ လူတွေ အုံနေတယ် အလောင်းက အဲဒီ ဇရပ်မှာ ထင်တယ်"

"ဟုတ်လောက်မယ် ကိုသိန်းမောင် မိန်းကလေးက ရွာပြင်မှာ သေတော့ အလောင်းကို ရွာထဲအဝင်မခံဘူး ကြားတယ်"

"ငါတို့ အတွက် ပိုအဆင်ပြေ သွားတာပေ့ါ မင်းဟိုကောင်တွေနဲ့ ရောသေချာ ချိတ်ပြီးပြီလား"

"အားလုံး စီစဉ်ပြီးသား စခန်းကိုတော့ အသုံးမပြုတော့တဲ့ ရာဘာ စက်ရုံဟောင်း တစ်ခုမှာ ချမယ် ကျွန်တော့် လူတွေလဲ အဲဒီမှာ ရောက်နှင့်နေလောကပြီ"

"အဲဒီစက်ရုံဟောင်းက ဘယ်နားမှာ လဲ"

"ရှေ့ 4မိုင် အကွာလောက်မှာ ရှိတယ်"

"သေချာ စီစဉ်ထားပါတယ်နော် မှားလို့ မဖြစ်ဘူး"

"စိတ်ချပါ ကျွန်တော် အလုပ်လုပ်တာ ဘယ်တုံးက မှားဖူးလို့ လဲ"

"အေးပါ သွားကြရအောင်"

"ကျွန်တော်တို့ စက်ရုံဝန်းထဲ ရောက်တော့ ကျွန်တော် လူတွေ အဆင်သင့် ရောက်နေကြပြီ" အရက်လေး တမြမြ သောက်ရင်း ရဲဆေး တင်နေကြတယ် ထင်ပါရဲ့ ...

"ဆရာနေဝန်း ရောက်ပြီလား ခုပဲ ဆရာ့အကြောင်း ပြောနေတာ"

"ဟုတ်လား ဘာတွေများ ပြောနေလဲ"

"ဆရာ ဘယ်လောက် သတ္တိရှိတဲ့ အကြောင်းတွေပေ့ါဗျာ"

"ဟုတ်ပါပြီ ဒီည ဘယ်လိုစီစဉ်ထားလဲ ဖြစ်နိုင်ရင်တော့ ကျွန်တော်က အလောင်းကို ငွေနဲ့ ပဲ ဝယ်ချင်တာ ခိုးတာကျ စိတ်ထဲမလုံသလို ခံစားရတယ်ဗျ"

"ဟာ မလုပ်နဲ့ ဆရာ အားလုံး ဒုက္ခရောက်ကုန်မယ် အခုမိန်းကလေး က မိဘတွေ မရှိတော့ဘူး အဘွားနဲ့ နေတာ အဘွားကြီးကတော့ ညှိလို့ ရမှာ မဟုတ်ဘူး ။ ခုလဲ ကျွန်တော်တို့ အတွက် အဆင်ပြေနေတာပဲ သူ က ရွာပြင်မှာ သေတော့ အလောင်းကို ရွာထိပ်က ဇရပ်မှာ ပဲထားတာ ဆရာတို့ ဖြတ်လာတုံးက တွေ့ခဲ့တယ်မလား"

"တွေ့တယ် အလောင်းစောင့်တဲ့ သူတွေကိုရော ဘယ်လိုလှည့်ထုတ် မယ် စီစဉ်ထားလဲ"

"အဲကောင်တွေ အေးဆေးပါ ဆရာရယ် အရက်သမားတွေကြီးပဲ အ ရက်အပြင် အိပ်ဆေးလေး ပါးပါး စီစဉ်ထားတယ်"

"ဟုတ်ပြီ မင်းတို့ တာဝန် မင်းတို့ ကျေရင် ပြီးတာပါပဲ ငါတို့ အစီအရ င်က မနက် ၁နာရီမှာ စမယ် အဲဒီအချိန် မတိုင်ခင် အလောင်း ဒီရောက် အောင် ယူခဲ့ကြ ပြီပြီရိရိ ဖြစ်ပါစေ"

ည၉နာရီ အဝေးပြေးလမ်းမတွင် probox ကားတစ်စီး အရှိန်ပြင်းစွာ မောင်းနှင်လာတယ် လကွယ်ညမို့ အမှောင်ထုကလဲ ကြီးစိုးနေတယ်။

ရွာထိပ် ဇရပ်တွင် အလောင်းစောင့်သော ရွာသား သုံး လေးယောက် ကတော့ မူးပြီး အိပ်ပျော်နေလေပြီ။

ကားလေးက ဇရပ် မလှမ်းမကမ်းမှာ ရပ်သွားတယ် ကားပေါ်ကနေ အရက်နံ့ တထောင်းထောင်း နံနေသော လူသုံးယောက် ဆင်းလာတယ် ကားမောင်း သူကတော့ ကားပေါ်မှာ ပဲ အဆင်သင့် စောင့်နေတာပေါ့။

"ဟေ့ကောင်တွေ မြန်မြန်လုပ်နော် အေးပါကွာ"

သုံးယောက်သား မရဲတရဲ ဇရပ်နားသို့ ချည်းကပ် သွားလိုက်တယ် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် လူသုံးဦး၏ ခြေသံဖွဖွနှင့်

အသက်ရှူသံမှ လွဲ တခြားအသံမရှိ ... ထိုအချိန်တွင် ဇရပ်ခေါင်မိုးပေါ်သို့ တစ်စုံတစ်ခု ကျသောအသံ ရုတ်တရက် ထွက်ပေါ်လာတာမို့ သုံးယောက်လုံး လန့်ပြီး ထွက်ပြေး ကုန်ကြတော့တယ်။

ကားနားရောက်မှ လှမ်းကြည့်လိုက်တော့ ဇရပ် အနောက်မှာ သစ်ပင်ကြီးတစ်ပင် ရှိနေတာကို သတိထား လိုက်မိတော့တယ်။

"မင်းတို့ ကလဲကွာ လန့်တာ အသီးတစ်ခုခု ကြွေကြတာနေမှာ ပါ မြန်မြန်လာ အချိန်မရှိဘူး ကြာနေရင် ဆရာသမား အထောင်း ခံရလိမ့်မယ်"

သုံးယောက်သား ဇရပ်စီသို့ သွက်သွက်လေး ပြန်သွားခဲ့တယ်။ အလောင်းကိုတော့ ဖျာလိပ်ဖြင့် ပတ်ထားတာမို့ ပုံဆိုးပန်းဆိုး မတွေ့ရချေ ဖျာလိပ် အတိုင်းလေးပဲ သယ်ပြီး ကားနောက်ဖုံးထဲ ပစ်ထည့်လိုက်တယ်။ ထိုအချိန် ဇရပ်အနောက် သစ်ပင်မှာ လေမတိုက်ပါပဲ သိသိသာသာ လှုပ်ခတ် သွားတော့တယ်။ သူတို့ လဲ ကားပေါ် အမြန်တက်ပြီး မောင်းထွက်ခဲ့တယ်။

"မြန်မြန် မောင်းကွာ ကျောချမ်း လိုက်တာ"

"မောင်းနေတာပဲ ကားကလေးပြီး အိကျနေတာပဲ"

"ငါတို့ သယ်လာတုံးက အဲလောက်မလေးပါဘူး ဘယ်လိုဖြစ်တာပါလိမ့်ဟာ နံလိုက်တဲ့ အပုတ်နံ့ မှန်တံခါးတွေ အောက်ထိ ဆွဲချကြ အော့"

"ဟာ ဟော့ကောင် ငါ့ပေါ် မအန်ချနဲ့ လေ"

ကားထဲတွင် အလောင်းကောင် အပုတ်နံ့ အရက်နံ့အပြင် အန်ဖတ်အနံ့များ ဖြင့် မွှန်ထူသွားသည် ။ ထိုအချိန် စက်ရုံဟောင်းထဲတွင် နေဝန်းနှင့် သိန်းမောင်တို့ အစီအရင်စဖို့ ပြင်ဆင်နေကြတယ်။ လကွယ်ည မနက်

၁နာရီ အစီအရင်လုပ်ဖို့ အကောင်းဆုံး အချိန်ပဲလေ။ အလောင်းကို မီးရှို့ဖို့ စင်ပေါ်တွင် ကောက်ရိုးခြောက်တွေ တင်ထားတယ်။ အရှင်လတ်လတ် ကြက်တစ်ကောင်ရယ် အစီအရင်လုပ်မယ့် ဝါးချောင်းရယ် မီးရှို့ဖို့ ဓာတ်ဆီရယ် အားလုံး အဆင်သင့် ပြင်ဆင်ထားပြီးပြီ။ သိပ်မကြာပေ စက်ရုံဝန်းထဲသို့ ကားတစ်စီး တအိအိ ဝင်လာခဲ့တယ်။

"ဆရာ ဒီမှာ အလောင်း ပါ လာပြီ"

"ထုတ်ပြီး စင်ပေါ်တင်လိုက်'

ကားနောက်ဖုံး တံခါး ဖွင့်လိုက်သည် နှင့် အလောင်းမှာ သူ့အလိုလို အောက်သို့ ကျသွားတယ်။

ပတ်ထားသော ဖျာမှာ လဲ ပြေသွားပြီး ဖြူစုတ်နေသော မျက်နှာအား တွေ့လိုက်ရသောကြောင့် အားလုံးလန့်ကုန်ပြီး နောက်ဆုတ်သွားကြတယ်။ သေသူ မိန်းကလေးမှာ ရေနစ် သေထားသောကြောင့် တစ်ကိုယ်လုံး ဖောယောင် ပုတ်ပွနေတယ် ငါးများ လဲ ကိုက်ဖဲ့ထားတာမို့ မျက်လုံးများပင် ထွက်ကျနေတယ်။

"ဘာမှ မဖြစ်ဘူး မကြောက်နဲ့ မြန်မြန် အလောင်းစင်ပေါ် တင်လိုက်ကြ"

"နေဝန်း မင်းက ကြက်ကို အဆင်သင့် လုပ်ထား"

အလောင်းအား စင်ပေါ် တင်လိုက်ပြီး အရှင်လတ်လတ် ကြက်အားလည်း လှီးကာ ရသော သွေးကို အလောင်းပေါ် လောင်းလိုက်တယ် ကြက်ကိုယ်တွင်း ကလီစာ များကိုလဲ အလောင်းပေါ် ပစ်ချလိုက်တယ်။ စီရင်ထားသော ဆေးရည်များကိုလဲ ဖြန်းလိုက်တယ်။ ထိုအချိန် အလောင်းပေါ်သို့ အရိပ်မဲမဲ တစ်ခု တက်သွားတာကို ဘယ်သူမှ သတိမ

ထားမိခဲ့ဘူး။ အစီအမံ အချိန်စပြီ ခာတ်ဆီလောင်းပြီး မီးရှို့လိုက်ကြတော့ … တဖြည်းဖြည်း မီးစ ဆွဲလာတယ် ဆံပင်အရင် စလောင်ပြီး ညှော်နံ့မှာ အလွန်းပြင်းလာတယ်။

အဲဒီအချိန်မာပဲ အလောင်းကောင်က ရုတ်တရက် ထထိုင် သွားတယ်။

"နေဝန်း မင်း အဲဘက်ကနေ ဘယ်သံနဲ့ အော်ပြီး စထိုးတော့"

ငုတ်တုတ် ထိုင်နေသော အလောင်းကောင်ကို ကျောဘက်ကနေ ရင်ဘတ်ထိ တုတ်ချင်းပေါက်အောင် ချွန်ထားသော ဝါးဖြင့် အားကုန်သုံးတာ ထိုးချ ပစ်လိုက်တယ်။ အလောင်းကောင်မှာ အကြောဆန့်သွားကာ လက်တစ်ဖက် လေပေါ် မြှောက်သွားခဲ့တယ်။

ဆရာ သိန်းမောင် ကတော့ ကျောဘက်မှ ထွက်လာသော ဝါးကို ဆွဲထုတ်ကာ တစ်ဖန် ရင်ဘတ်ကနေ ကျောဘက်ထိပေါက်အောင် ညာသံပေးပြီး ထိုးချ ပစ်လိုက်သည် ။ ရင်ဘတ် ကျောဘက် ပေါက်အောင် ဂုကြိမ်တိတိ ထိုးပြီးနောက်မှာ တစ်ကိုယ်လုံး အနှံ့ လိုက်ထိုး ပစ်လိုက်သည် ။ အညစ်အကြေး ဒွါရပေါက် ထွက်ရာနေရာတွေ အဓိက လိုက်ထိုးတယ်။

အလောင်းကောင် ကတော့ မီးလဲ အရှို့ခံရ ဝါးနဲ့ လဲ အထိုးခံရဆိုတော့ အကျောဆန့်ကာ မီးတောက်အတွင်း ရုန်းကန် နေသည့် အလား … ကျန်တဲ့ သူ လေးယောက်မှာ တော့ မျက်လုံးအပြူးသားနဲ့ မှ င်သက်နေတယ်။

သူတို့ အလုပ်က အလောင်းခိုးပေးရုံသာ ဒီလောက် ထိတ်လန့်စရာ အစီအရင်မျိုး တစ်ခါမှ မတွေ့ဖူးကြဘူးလေ။ မနက် ၁နာရီ ၅၇မိနစ်မှာ အောင်အောင်မြင်မြင်နဲ့ ပဲ  အစီအရင် ပြီးသွားခဲ့တယ်။ သဲလွန်စ သက်သေတွေကို ညတွင်းချင်းပဲဖျောက် ကျော်ကြီးတို့ အဖွဲ့ကိုလဲ လုပ်အားခ

ရှင်းပေးပြီး ရန်ကုန် ပြန်ခဲ့ကြတယ်။

"နေဝန်း ငါတို့ တော့ ကံကောင်းတာပဲ တံစူးဝါးကို လွယ်လွယ် ရလိုက်တာ"

"ဟုတ်ပဗျာ ဒါနဲ့ ခင်ဗျား အနံ့မရဘူးလား ညှော်နံ့လိုလို"

"ခုနက မီးရှို့တော့ အနံ့တွေ စွဲနေတာ နေမှာ ပေ့ါကွာ"

"ဟုတ်မယ် ဒီနေ့ ပင်ပန်းတယ်ဗျာ ပိုက်ဆံရှာရတာလဲ မလွယ်ပါလား"

"အမှန်ဆို သေတဲ့ မိန်းကလေးကို အမိန့်ပေးပြီး တံစူးဝါးမှာ အစောင့်အနေနဲ့ ထားလို့ ရတယ် ဒါပေမဲ့ မနိုင်မှာ စိုးတယ် မနိုင်ရင် ငါတို့ ဒုက္ခရောက်မှာ င့ါပညာကလဲ အဲလောက် မရှိသေးဘူးလေ"

"အရမ်းအန္တရာယ် များ တော့ မလုပ်ပါနဲ့ ဗျာ ကျွန်တော်လဲ မြိုးမြိုးမြက်မြက် ပိုက်ဆံ ဝင်နေလို့ သာ လုပ်ရတာ ဒီအလုပ်က အကုသိုလ် ကြီးလွန်းတယ် သံသရာ ငရဲကို မကြောက်မှ သာ လုပ်နိုင်တာမလား ... ကျွန်တော်တို့ လဲ ဘယ်အချိန်မှာ ဘယ်လိုခံရမလဲဆိုတာ မသိနိုင်ဘူး"

နှစ်ယောက်လုံး အတွေးကိုယ်စီနဲ့ တိတ်ဆိတ်လျှက် သူတို့ ကားလေး ရန်ကုန်မြို့ထဲ အဝင်နား အရောက်မှာ တော့ ညှော်နံ့မှာ ဆိုးဆိုးဝါးဝါး ရလာသည် ။

"နေဝန်း ကားတစ်ခုခု ဖြစ်နေတာ ထင်တယ် အရမ်းညှော် လာပြီ ခဏရပ်ဦး စစ်ကြည့်ရအောင်"

နေဝန်းလဲ ကားကို လမ်းဘေး ထိုးရပ်လိုက်ပြီး ဟိုဟိုဒီဒီ စစ်ဆေးကြည့်တော့ ထူးထူးခြားခြား မတွေ့ပေ။ နှစ်ယောက်သား တစ်ယောက်နဲ့ တစ်ယောက်ကြည့်ရင် အဖြေရှာနေစဉ် မလှမ်းမကမ်းတွင် ကြက်ခြင်း

တင်ထားသော စက်ဘီး တစ်စီး ရွာလမ်းထဲမှ ထွက်လာသည် ကို လှမ်းမြင်လိုက်သည် ။

မနက် ၄နာရီ အလင်းရောင်လဲ ထွက် လာလေပြီ ... တစ်ညလုံး မအိပ်ထား ရသောကြောင့် နှစ်ယောက်လုံး မျက်လုံးတွေလဲ ကျိန်းစက်ပြီး လေးလံနေတယ်။ ထိုစက်ဘီး သူတို့ ကားအနားမှ ဖြတ်သွားစဉ်တွင် ကားပေါ်မှ ဝုန်းကနဲ့ အသံနှင့် အတူ တစ်စုံတစ်ခု ခုန်ချလိုက်သည့် အသံ ကြားလိုက်ရသေးတယ်။ စက်ဘီးပေါ်မှ ကြက်ခြင်းလဲ ရုတ်တရက် ပွင့်သွားပြီး ကြက်အော်သံများ ဆူညံသွားတော့တယ်။ ကားလမ်းပေါ်တွင် လည်ချိုး သတ်ခံလိုက်ရသော ကြက်များ လဲ ပွလန်ကျဲ သွားတယ်။ သွေးများ လဲ ပေပွနေတယ်။

စက်ဘီး နင်းသူလဲ ထိတ်လန့်ပြီး ကြက်သေတွေပင် မကောက်အား စက်ဘီးအား အတင်းနင်းကာ ထွက်ပြေးသွားတော့တယ်။

နေဝန်း ကားပေါ် မြန်မြန်တက် သွားရအောင် ...။

အဝေးပြေး ကားလမ်းမပေါ်မှ တော့ ကြက်ကလီစာတွေ မြိန်ရည်ရှက်ရည် စားသောက်နေသော မကောင်းဆိုးဝါး တစ်ကောင် ကျန်ခဲ့လေတယ်။ ကားလေး ရန်ကုန်မြို့ထဲရောက်မှ စိတ်ချ နိုင်တော့တယ်။

"တော်သေးတာပေ့ါဗျာ ကြက်ခြင်း ကယ်ပေလို့ မဟုတ်ရင် ငါတို့ ကားပေါ်မှာ ပဲ တောက်လျှောက် ပါလာမှာ "

"ဟုတ်ပဗျာ အဲအကောင်ကြီး ဘယ်အချိန်ထဲက ပါလာလဲမသိ"

"ငါ့စိတ်ထင် ငတ်ပြတ်နေတဲ့ စက်ရုံထဲက မကောင်းဆိုးဝါးလို့ ထင်တယ်။ ငါတို့ အလာင်းပေါ် ကြက်သွေး လောင်းချတော့ ဝင်သောက်လိုက်တာ ဖြစ်မယ်"

"ကျွန်တော်တို့ နောက် မလိုက်လာ နိုင်ပါဘူးနော်"

"မလိုက်လာနိုင်ပါဘူး စားသောက်ပြီး ကျန်ခဲ့ပြီလေ အဲကောင်ကြီး အဲဒီအနားတစ်ဝိုက် လမ်းပေါ်မှာ ပဲ လေလွင့်ပြီး ရှာဖွေ စားသောက်တော့မှာ "

ဟူး ...

သက်ပြင်း ကိုယ်စီချရင်း ဆိုင်လေးစီ ပြန်ရောက်တော့ ပစ္စည်းတွေကို သေချာ သိမ်းဆည်းပြီး နှစ်ယောက်လုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်တော့တယ်။ တံစူးဝါး ရောက်ပြီ ကြားတာနဲ့ အောက်လမ်းဆရာတွေ ချက်ချင်း ရောက်လာတော့မယ် မဟုတ်ပါလား။

***